

အပိုင်း(၈)

# " ငါ့ကိုအလိုလိုက်လွန်းတဲ့ ဇနီးချောလေး "

ဘာသာပြန် - iq team

## Part 34

တပ်ရင်းမှူးဇနီးက သူမ ပြောတာတွေနားထောင်ပြီးနောက် ချက်ချင်းပြုံးလိုက်ကာ သူမနဖူးကို ပုတ်လိုက်ပြီး

‘‘ အိုက်ယား... ဘာလို့ဒီလောက်တောင် ရိုးအနေရတာလဲ, ဒါက အသိသာကြီးပဲမဟုတ်လား?’’

‘‘ရှင္...’’

ထန်ထန် က နားမလည်စွာနဲ့မေးလိုက်တယ်

" ဘာကြောင့်လဲဆိုတာကို အစ်မသိတယ်လား...’’

တပ်ရင်းမှူးကတော်က မကျေမနပ်ဖြစ်သွားပြီး

‘‘ အစ်မက ဘယ်လိုလုပ်ပြီးမသိပဲနေပါ့မလဲ, ဒီလောက်သိသာနေတာကို ကျန်းချန်း ရဲ့အမျိုးသမီးက ညီမလေးကို အလေးအနက်မထားပဲ ဒီအတိုင်းပစ်ထားလိုက်လို့ ကျိယန်ကလုံးဝစိတ်ဆိုးနေတာပေါ့, ရှင်းရှင်းပြောရရင်သူက ညီမလေးအတွက် စိတ်ဆိုးသွားတာပဲ’’

‘‘ အာ... ဘာလို့လဲ...’’

ဖြူစင် ရိုးအလွန်းပြီး စိတ်ထားကောင်းတဲ့ ထန်ထန်ကို တပ်ရင်းမှူးကတော်က အမှန်တကယ်ပဲ သဘောကျနှစ်သက်လေတယ်။ ထို့အပြင့် သူမက ရိုးသားပြီးအပြစ်ကင်းလွန်းတဲ့အတွက် တစိမ်းတွေအလွယ်တကူချဉ်းကပ်လို့ ရစေတယ်။ ဒါပေမယ့် တခါတလေမှာ သူမလိုစိတ်ရင်းစေတနာကောင်းတဲ့သူတွေက တခြားသူတွေကို အကူအညီမဲ့စေတယ်။ ဘာ

ကြောင့်လဲဆိုတော့ သူမက တခြားသူတွေရဲ့လှည့်ကွက်တွေကို နားမလည်တတ်ဘူး။

သူမ တကယ်ကို နားမလည်ဘူးဆိုတာ သိတဲ့အတွက် တပ်ရင်းမှူးကတော်က စိတ်ရှည်လက်ရှည်နဲ့ သေချာရှင်းပြပေးလိုက်တယ်

" မနေ့ညက ညီမလေး ကျန်းချန်း အိမ်မှာသွားကူပေးတုန်း သူ့အမျိုးသမီးက ကြက်သွန်ဖြူပဲခွာပေးတယ်မဟုတ်လား, သူမကပဲ ဧည့်သည်လိုပြုမူသွားတာလေ, ပြီးတော့ စားသောက်ကြတဲ့အချိန်မှာ ညီမလေးက မီးဖိုချောင်ထဲမှာအလုပ်ရှုပ်နေပေမယ့် ကျန်းချန်း ဇနီးက စားပွဲမှာထိုင်ပြီးသောက်စားနေတယ်လေ… ညီမလေးအနေနဲ့ သူ့မကိုကူညီပေးတာကပုံမှန်ပါပဲ, ဘယ်လိုပဲဖြစ်ဖြစ် သူမက ညီမလေးကိုနည်းနည်းပါးပါးတော့ အကူအညီပေးသင့်တယ်လေ, အိမ်သန့်ရှင်းရေးအတွက်က နောက်ဆုံးမှာ အိမ်ရှင်ကပဲလုပ်သင့်တာပေါ့ ဘာလို့လဲဆိုတော့ ညီမလေးက ဧည့်သည်ပဲ, ဒီလိုမျိုးလုပ်တာက မယဉ်ကျေးဘူး, အဲ့ဒီနေရာမှာ အစ်မသာဆိုရင် ပွဲချင်းပြီးပြီပဲ, အစ်မက ညီမလေးလိုစိတ်ရှည်ပြီး သည်းခံနေမှာမဟုတ်ဘူး''

''အာ…ဒါဆို အဲ့ဒါကြောင့်ပေါ့လေ''

ထန်ထန် ရုတ်တရက်ပဲ နားလည်သွားတော့တယ် ။ ထို့နောက် သူမက တီးတိုးရေရွတ်လိုက်မိတယ်

" အရိုးသားဆုံးပြောရရင်, ညီမစိတ်မဆိုးပါဘူး ပြီးတော့ သူမက မယဉ်ကျေးတာမဟုတ်ပဲ ဘယ်လိုလုပ်ရမလဲ မသိတာပါ။ သူမက အများကြီးမကူညီနိုင်တော့ အပြင်ထွက်ပြီးသွားသောက်နေတာပါ ဒါကြောင့် ညီမက ထူးဆန်းတယ်လို့တော့ မထင်မိဘူး။ ပြီးတော့ ညီမတို့တွေက အိမ်နီးချင်းတွေပဲလေ အရမ်းကပ်သပ်နေရင် ဘယ်အဆင်ပြေပါ့မလဲနော်''

တပ်ရင်းမှူးကတော်က သက်ပြင်းချလိုက်ပြီး

‘‘ ညီမက အရမ်းသည်းခံတတ်တာပဲ, အစ်မတော့ ကျိုယန် စိတ်ဆိုးတာမှန်တယ်လို့ ထင်တယ်, သူက အတော်လေးလဲ စိတ်ကိုထိန်းထားနိုင်တယ်, တကယ်လို့ စိတ်မထိန်းနိုင်တဲ့သူသာဆိုရင် အဲ့နေရာမှာ ဒေါသထွက်ပြီး တစ်ခုခုဖြစ်သွားနိုင်တယ်, တကယ်လို့ ကျိုယန် သာစိတ်ဆိုးလိုက်မယ်ဆိုရင် ယောကျာ်းမပီသတော့ဘူး, ဒါက သူတို့ရဲ့ ဇနီးအပေါ်ကို ဂရုစိုက်တတ်တဲ့ အမျိုးသားတွေရဲ့ သဘာဝပဲ’’

ထန်ထနိ တိတ်ဆိတ်လို့နေတယ်, ကျိုယန် က သူမအတွက်ကြောင့် ဒေါသထွက်သွားတာလား... သူက သူမကိုဂရုစိုက်တယ် ...

တပ်ရင်းမှူးကတော်က ထန်ထန် လက်ကိုအသာပုတ်လိုက်ပြီး

‘‘ ကျိုယန် ပြောတာကိုသာ နားထောင်လိုက်ပါ, သူမနောက်တခေါက် အကူအညီလာတောင်းရင် အလွယ်တကူ လက်မခံလိုက်နဲ့, သူမလုပ်ပုံတွေက မဟုတ်ဘူး, သူမ မချက်ပြုတ်တတ်တာက ကိစ္စမဟုတ်ဘူး, သူမရဲ့ ပြုမူတဲ့ပုံစံတွေက မကောင်းတာ, သူမအနေနဲ့ ညီမလေးနဲ့အတူ မီးဖိုချောင်ထဲမှာ ကူညီပေးသင့်တယ်, အစ်မက ညီမလေးတို့ အချင်းချင်း သဘောထားကွဲလွဲအောင် ပြောတာတော့မဟုတ်ဘူးနော် ကျန်းချန်း ရဲ့အမျိုးသမီးက အတော်လေးမောက်မာတယ်, တော်ရုံလူဆို သူမ မျက်လုံးထဲ ထည့်တာမဟုတ်ဘူး’’

ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို ထန်ထန် နားလည်ပါတယ်။ကျန်းချန်း ရဲ့ အမျိုးသမီးက သူမကိုအထင်သေးတယ်ဆိုတာကိုပေါ့။ ဒါကြောင့် သူမ အပေါ်ရိုင်းစိုင်းနေတာ။

‘‘ ဒါ...ဒါပေမယ့် သူမက ဘာလို့ ညီမကို အထင်သေးနေရတာလဲ...ညီမက ကြည့်မကောင်းလို့လား ဒါမှမဟုတ် အလုပ်မရှိလို့လား...’’

တပ်ရင်းမှူးကတော်က ခေါင်းကိုခါယမ်းလိုက်ပြီး

" ညီမထင်သလိုမဟုတ်ဘူး, သူမကို ဆရာမတစ်ယောက်လို့ပဲ မတွေးလေနဲ့ , သူမရဲ့အခြေအနေက အစ်မတို့နဲ့မတူဘူးလေ, သူတို့က တကယ့်ကို မင်းသမီးလေးပဲ, သူ့အဖေက ဗိုလ်မှူးကြီး သူဦးလေးကျ မြို့တော်ဝန်ဆိုတော့ သူတို့မိသားစုဝင်အားလုံးက အမြင့်ကလူတွေကြီးပဲ။ သူကျတော့လဲ ဟားဗက် ကနေဘွဲ့ရတာတာဆိုတော့ သူ့အပြုအမူတွေက အတော်လေးကို မောက်မာတယ်။ ကျန်းချန်း ကြောင့်သာ သူမက ဒီမှာနေတာလေ, နို့မို့ဆို ဒီမှာသူမ နေမှာတောင်မဟုတ်ဘူး''

'' အဲ့လိုလား…''

ကျန်းချန်း ရဲ့ဇနီးသည်နောက်ကြောင်းက ဒီလောက်ကြီး အံ့အားသင့်ဖွယ် ကောင်းမယ်လို့ သူမ မထင်ထားမိဘူး။ သူမ ဒီလိုတွေဖြစ်နေတာကို မအံ့သြတော့ပါဘူးလေ။

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူမကို အဲ့လောက်လဲ ဂရုစိုက်ဖို့မလိုပါဘူး, ကျိုယန်ကလဲ လုပ်နိုင်စွမ်းရှိတဲ့သူတစ်ယောက်ပဲလေ, သူ့ရဲ့အနာဂါတ်က ကျန်းချန်းထက်တော့ မနိမ့်ပါဘူး, သူမက ညီမလေးအပေါ်မှာ အထင်အမြင်သေးနေမှတော့ သွားကူပေးဖို့ မလိုတော့ဘူး, ညီမလေးရဲ့ တကယ့်သူငယ်ချင်းတွေကိုသာ ကူညီသင့်တယ်, ဘယ်လိုထင်လဲ…''

ထန်ထန် ခေါင်းငြိမ့်လိုက်ပြီး

'' မရီးပြောတာမှန်တယ်, ညီမသိပါပြီ, အနာဂါတ်မှာ အလွယ်တကူ မကူညီတော့ပါဘူး''

အမှန်တရားကို သိပြီးတဲ့နောက် ထန်ထနိ စိတ်ခါတ်မကျတော့ပေ။ အဲ့ဒီအစား သူမအရမ်းကိုပျော်ရွှင်နေမိတယ်, ကျိုယန် စိတ်ဆိုးတယ်ဆိုတာ သူမကို ဂရုစိုက်လို့ပေါ့။ သူမနှလုံးသားထဲက ချိုမြိန်မှုတွေက စကားလုံးနဲ့တောင် ဖော်ပြလို့မရနိုင်တော့ဘူး။

သူ သူမကို တဖြည်းဖြည်းကောင်းကောင်းမွန်မွန်ဆက်ဆံလာပြီပဲ။ ဆိုလိုတာက သူမ ပိုပြီးအလုပ်ကြိုးစားရင် သူ သူမကို တဖြည်းဖြည်း သဘောကျလာနိုင်တာပေါ့နော်

သူမ စိတ်အခြေအနေကောင်းမွန်သွားတဲ့နောက် အရာအားလုံးက ခါတိုင်းထက်ပိုမိုကောင်းလာတယ်။ သူမရဲ့ ကမ္ဘာလေးက ပန်းပွင့်တွေနဲ့ ပြည့်နှက်လို့နေတယ်။ သူမ စိတ်ပျော်နေတဲ့အချိန်မှာ အရသာရှိတာတွေလုပ်တတ်တယ်။ ဖက်ထုတ်ကြော်မလုပ်တာလဲ ကြာပြီဆိုတာသတိရသွားတဲ့အတွက် ဒီနေ့လုပ်ဖို့ စဉ်းစားလိုက်မိတယ်။ ကျွယန်က ဖက်ထုတ်ကြော်ကြိုက်တယ်လေ။

သူမ ဆုံးဖြတ်လိုက်ပြီးတဲ့နောက် ပါဝင်ပစ္စည်းတွေ ဝယ်ယူလိုက်ပြီး ဖက်ထုတ်တွေကို သေချာပုံသွင်းခေါက်လိုက်တယ်။ ညနေစောင်းတော့ စားပွဲပေါ်မှာ ဖက်ထုတ်ကြော်တွေအပြည့်ဖြစ်သွားတယ်။ အသေးလေး က အရမ်းကိုပျော်ရွှင်သွားပြီး ချက်ချင်းပဲစားဖို့ ပြင်ဆင်နေတော့တယ်။

ထန်ထန် က သူ့ဒယ်ဒီ ပြန်လာတာကိုစောင့်ဖို့ ပြောထားတဲ့အတွက် ရှောင်ကျိုး တစ်ယောက် နေ့လည်ခင်းတချိန်လုံးကို တံခါးဝသို့ ငေးကြည့်နေတာနဲ့ပဲ သူ့အချိန်တွေကုန်ဆုံးနေစေတယ်။ သူက သူ့ဒယ်ဒီခြေသံကို ကြားရဖို့ အသေအချာနားစွင့်ထားနေပြီး သူ့ဒက်ဒီပြန်လာတာနဲ့ ချက်ချင်းတံခါးကို ဖွင့်နိုင်ဖို့ရန်ပဲဖြစ်တယ်။

ကျွယန် ပြန်လာနေကျအချိန်မှာတော့ လှေကားကိုတက်လာတဲ့ ခြေသံတွေကြားလိုက်ရတဲ့အချိန် သူ့မျက်လုံးတွေတောက်ပသွားပြီး တံခါးဆီသို့ အပြေးတပိုင်းသွားလိုက်တယ်။ ထို့နောက် အားပါးတရအော်လိုက်တော့တယ်

" ဒယ်ဒီ ‘’

ကျိုယန် ပြန်လာပြီလို့ ထန်ထန် ထင်လိုက်ပြီး စိတ်လှုပ်ရှားစွာနဲ့ သူမ ပြေးထွက်လာလိုက်တယ်။ သူမနှုတ်မှ ယောကျ်ားလို့ ခေါ်တော့မယ့်အချိန်မှာပဲ ကျ ရပ်နေတာကိုသာတွေ့လိုက်ရတဲ့အတွက် သူမစကားလုံးတွေကို ပြန်လည်မျိုသိပ်လိုက်ရတယ်။

‘‘ ကျန်းချန်း အယ်, ရှင်ပြန်လာပြီလား’’

အားနာမှုတို့က ကျန်းချန်း မျက်ဝန်းထဲ ဖြတ်သန်းသွားတယ်။ သူက ထန်ထန့် အကြည့်ကိုရှောင်လိုက်ပြီး

‘‘ မရီး, ကျိုယန်က အနောက်မှာပါ, သူမကြာခင်လာပါလိမ့်မယ်, ကျွန်တော် အရင်သွားလိုက်ဦးမယ်နော်’’

ပြောပြီးတာနဲ့ သူ့အခန်းထဲသို့ တန်းဝင်သွားတော့တယ်။ သူက နောက်ထပ်အချိန် မဖြုန်းချင်တော့တဲ့ ပုံပေါ်နေတယ်။

သူ့ရဲ့ အပြုအမူတွေက နည်းနည်းထူးဆန်းနေတယ်လို့ ထန်ထန် တွေးလိုက်မိတယ်။ သူအပြစ်ရှိနေတဲ့ပုံစံမျိုးပဲ။ မနေ့ညက ကိစ္စကြောင့်လို့ပဲ သူမ ယူဆလိုက်တယ်။

သူမ အတွေးမဆုံးခင်မှာပဲ နောက်ထပ်ခြေသံကြားလိုက်ရတယ်။ အခုအချိန်မှာတော့ ကျိုယန်အသေအချာပါပဲ, ဒါပေမယ် သူ့အနောက်မှာ အမျိုးသမီးတစ်ယောက် ကပ်ပါလာတာကို တွေ့လိုက်ရတယ်။

‘‘ ထန်ထန်…ရှောင်ကျိုး… ‘‘

ကုယန်ရန် က အပြုံးချိုချိုလေးနဲ့ သူမတို့ကို ပြုံးပြီး နှုတ်ဆက်လိုက်တယ်။

‘‘မစ်စ်ယန်ရန်’’

ထန်ထန် အတော်လေး အံ့သြသွားတယ်။ သူမက ဘာလို့ဒီမှာရှိနေတာလဲ…

ကုယန်ရန် က ရှောင်ကျိုး ခေါင်းလေးကိုပွတ်လိုက်ပြီး

‘‘ ထန်ထန် ကျွန်မကို ယန်ရန် လို့သာခေါ်ပါ မစ်ယန်ရန် က တစိမ်းဆန်လွန်းပါတယ်, ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မနဲ့ အကို ကျိုယန် တို့က အတူတူကြီးပြင်းလာကြတာပဲလေ’’’

ကျိုယန်ကို မေးခွန်းထုတ်တဲ့ အကြည့်တွေနဲ့ လှမ်းကြည့်ရင်းသာ သူမခေါင်းငြိမ့်ပြလိုက်တော့တယ်။

‘‘ ယန်ရန် က စစ်တပ်ဆရာဝန်လေ, ကိုယ်တို့တပ်ထဲက ကျန်းမာရေးနဲ့ပတ်သတ်တာတွေကို သူက စစ်ဆေးပေးရတာ, မင်းပြောင်းလာတယ်ကြားလို့ သူလာလည်တာပဲ’’

ကျိုယန် က ရှင်းပြလိုက်တယ်။

ထန်ထန် နားလည်သွားပြီး ချက်ချင်းပဲ သူမကို အိမ်ထဲဝင်ဖို့ ဖိတ်လိုက်တယ်။

ကုယန်ရန် က အိမ်ကိုကြည့်လိုက်ပြီး ချီးကျူးလိုက်တယ်

‘‘ ထန်ထန်က အိမ်ကိုဘယ်လို ဂရုစိုက်ရမလဲဆိုတာ ရှင်သိတာပဲ, ရှင့်အိမ်က တကယ်ကိုပဲ နွေးနွေးထွေးထွေးရှိတယ်’’

‘‘ အဲ့လိုလဲမဟုတ်ပါဘူး, ပုံမှန်လေးပဲ ပြင်ဆင်ထားတာပါ’’

သူမ ခွက်ထဲသို့ ရေထည့်ပေးရင်းပြောလိုက်တယ်

‘‘ ရှင်လာမယ်ဆိုတာ ကျွန်မ မသိလိုက်ဘူး, ဒါကြောင့် ဘာမှမပြင်ဆင်လိုက်ရဘူးလေ, ဒီညအတွက် ဖက်ထုတ်ကြော်ပဲ လုပ်ထားတာမို့လို့ ရှင်စိတ်မရှိဖို့ မျှော်လင့်မိပါတယ်’’

‘‘ ကျွန်မစိတ်မရှိပါဘူး, ဖက်ထုတ်ကြော်တွေက အရသာရှိတယ်လေ, ကြည့်ရတာ ကျွန်မတော့ ဒီညအစားအသောက်အတွက် ကောင်းချီးပေးခံရ

ပြီပဲ’’

ယန်ရန် ရဲ့စကားတွေကို သူမကြားပြီးနောက် စိတ်သက်သာရာရသွား တယ်။ သူမ မတ်တပ်ရပ်ပြီး မီးဖိုချောင်ထဲသို့ဝင်သွားလိုက်တယ်

ကုယန်ရန် က သူမ အလုပ်များနေတာမြင်တဲ့အတွက် ကျိယန် ကိုကြည့် ကာ ပြုံးပြီးစနောက်လိုက်တယ်

" အကို ကျိယန် အကို့ရဲ့ နေ့ရက်တွေက တော်တော်လေးအဆင်ပြေနေပုံ ပဲနော်’’

ကျိယန်ရဲ့ နှုတ်ခမ်းထောင့်တွေအပေါ်သို့ မြင့်တက်နေတယ်။ သူဘာမှ မ ပြောပေမယ့် သူ့အပြုအမူတွေက တိတ်တဆိတ် ဝန်ခံလို့နေတယ်။

ကုယန်ရန် မျက်လုံးတွေက တလက်လက်တောက်ပနေပြီး သူမဆံပင်တွေ ကို နားရွက်အနောက်သို့သပ်တင်လိုက်ရင်း

‘’ ဟုတ်သားပဲ, အကို ကျိုးကျိ ဆီက သတင်းကြားပြီးပြီလား အကို ကျိ အဖွား ကျိုး ရဲ့ အသက်ရှစ်ဆယ်ပြည့် မွေးနေ့က နောက်တစ်ပါတ်လေ, အကိုပြန်လာမှာလား...’’

ကျိယန်ခေါင်းငြိမ့်ပြလိုက်တယ်။

‘’ အဲ့အကြောင်းပြောတော့မှပဲ, အဖွားက ညီမတို့ တစ်ဖွဲ့လုံးကို ငယ်ငယ် လေးကတည်းက ကြည့်ရှုစောင့်ရှောက်လာတာပဲနော်. သူမက ညီမတို့ အားလုံးကို သူ့မြေးအရင်းတွေလိုပဲ ဂရုစိုက်တယ်။ မျက်စိတမှိတ်အတွင်းမှာ ပဲ ညီမတို့တွေက အရွယ်ရောက်လာကြပြီး သူမကတော့ အသက်ကြီးလာ ပြီ။ အဖွားက အကိုနဲ့ အကို ယွမ်လန် ကို သဘောအကျဆုံးဆိုတာကို ညီမ မှတ်မိသေးတယ်။ အကိုတို့နှစ်ယောက်လုံးက စစ်ဗိုလ်ကြီးတွေနဲ့တူတယ်လို့ လဲ အမြဲပြောတတ်လို့ ကျန်တဲ့ညီမတို့တွေက စိတ်အနှောက်အယှက်ဖြစ်ခဲ့

ပေမယ့် အခုတော့ မှန်နေတာပဲနော်''

ငယ်ဘဝကို သတိရသွားတဲ့ ကျိယန် ရဲ့မျက်ဝန်းထဲ ပျော်ရွှင်မှုတွေ ဖြတ်ပြေးလို့သွားတယ်။

ကျိယန်ရဲ့ ရင်ခွင်ထဲမှာ ကစားနေတဲ့ ရှောင်ကျိုး က သူ့လည်ပင်းမှာ ဆွဲထားတဲ့ မျောက်ပုံစံရွှေဆွဲကြိုးလေးကိုကိုင်ပြီး မေးလိုက်လိုက်တယ်

" ဒယ်ဒီ, အဖွား ကျိုး က သားကိုဒီရွှေမျောက်ဆွဲကြိုးလေးပေးတဲ့ သူလား…''

'' သားမှတ်မိသေးလား… အဖွား ကျိုး က သားအတွက် ဒီမျောက်ဆွဲကြိုးလေးလုပ်ပေးဖို့ ကျွမ်းကျင်တဲ့သူတွေကိုငှားခဲ့ရတာ ပြီးတော့သူ့ကို အဖွား ကျိုး လို့မခေါ်ပဲ အဘွားလို့ခေါ်သင့်တယ်''

ကျိ က မျောက်နှစ်မှာမွေးဖွားခဲ့တာဖြစ်တယ်။ ဒါကြောင့် အန္တရာယ်ကင်းကင်းနဲ့ ကြီးပြင်းလာစေရန် ရည်ရွယ်ပြီး မျောက်ပုံစံရွှေဆွဲကြိုးလေးကို ဆရာသမားတွေဆီမှာ ကောင်းချီးပေးခြင်းခံပြီးမှ ကလေးနှစ်ယောက်လုံး အတွက် ပေးခဲ့တာဖြစ်တယ်။ ကျိယန် အနေနဲ့လဲ အသေးလေး တစ်ယောက် မှတ်မိနေလိမ့်မယ်လို့ မမျှော်လင့်မိခဲ့ဘူး။

ရှောင်ကျိုး က ဆွဲကြိုးကို လက်နဲ့ထိလိုက်ပြီး

'' သားမှတ်မိပါတယ် ဒါပေမယ့် အဘွားက ဘယ်လိုပုံစံလဲဆိုတာတော့ မမှတ်မိတော့ဘူး''

' ကိစ္စမရှိပါဘူး, နောက်တပါတ်ကျရင် သားအဘွားဆီ ဒယ်ဒီလိုက်ပို့ပေးမယ်, အဲ့ကျမှ ကျေးဇူးတင်လိုက်ပေါ့''

'ဟုတ်ကဲ့ပါ ဒယ်ဒီ, သားကို မျောက်ဆွဲကြိုးလေးပေးတဲ့အတွက် အဘွားကို ကျေးဇူးတင်စကားပြောရမယ်''

တောက်ပနေတဲ့ ကုယန်ရန် မျက်ဝန်းတွေက မှိန်ဖျော့သွားပြီး အံ့သြသင့် စွာနဲ့ မေးလိုက်တယ်

"အကို ကျိယန်... ထန်ထန့် ကို ခေါ်သွားမှာလား... အရင်တုန်းက အကို သူ့ကိုဘယ်တုန်းကမှ ခေါ်မသွားဖူးဘူးလေ, ဒီတစ်ခေါက်မှ ဘယ်လိုလုပ် ပြီး..."

ကျိယန်က ထူးမခြားတဲ့လေသံနဲ့

" အဖွားကျိုး က ရှောင်ကျိုး အမေကို တစ်ခါမမြင်ဖူးဘူး ဒါကြောင့် သူမ အနေနဲ့ အကြီးတွေဆီကို သွားလည်သင့်တယ်"

ကုယန်ရန် မျက်လွှာချလိုက်ပြီး သတိမထားမိစွာနဲ့ သူမအပြုံးတွေမှေးမှိန် လို့သွားတယ်။

"ဘယ်သူ့ကိုသွားတွေ့သင့်တာလဲ"

မီးဖိုချောင်ထဲမှ ဖက်ထုတ်သယ်လာတဲ့ ထန်ထန် က တစ်စုံတစ်ယောက် ဆီကို သွားလည်သင့်တယ်လို့ကြားလိုက်မိပြီး သိလိုစိတ်နဲ့ မေးလိုက်တယ်။

ကျိယန် က မတ်တပ်ရပ်လိုက်ပြီး ထန်ထန် ဆီသို့ လျှောက်လှမ်းသွား တယ်

" ကိုယ်သယ်ပေးမယ်, ဒါတွေက ပူနေတယ်"

"အင်း.."

ထန်ထန် က သူ့လက်ထဲသို့ အိုးကိုထည့်ပေးလိုက်ပြီး ချက်ချင်းပဲ သူမ နားရွက်ကိုကိုင်လိုက်တယ်။

ကျိယန် သူမလက်ကိုစိုက်ကြည့်လိုက်ပြီး

" ဘာဖြစ်လို့လဲ... အပူလောင်သွားတာလား..."

ထန်ထန် က သူမလက်ကို သူ့အားပြလိုက်ပြီး

'' မဟုတ်ပါဘူး ဘာမှမဖြစ်ပါဘူး''

တကယ်လဲ ဘာမှမဖြစ်တာသေချာတဲ့နောက် ကျိုယန် က သူမမေးထားတဲ့မေးခွန်းကို ဖြေလိုက်တယ်

" အဖွားကျိုး ရဲ့ အသက် ၈၀ ပြည့်မွေးနေ့က နောက်တစ်ပါတ်လေ, ကိုယ်မင်းနဲ့ ရှောင်ကျိုး ကို ခေါ်သွားမလို့''

''အာ, အသက် ၈၀ ပြည့်မွေးနေ့လား, အရမ်းကံကောင်းတာပဲ, ကျွန်မတို့အဘွားကို ဂုဏ်ပြုသင့်တာပေါ့''

ထန်ထန် ပြောရင်းနဲ့ လက်ဆောင်အကြောင်းတွေးလိုက်မိပြီး

'' ယောကျာ်း, ကျွန်မတို့ ဘာလက်ဆောင်ပေးရင်ကောင်းမလဲ... ကျွန်မဘာမှမပြင်ရသေးဘူး''

ကျိုယန် ရေရွတ်လိုက်တယ်

" ကိုယ်လဲ စဉ်းစားနေတုန်းပဲ, အခုတော့ အရင်စားကြရအောင်''

သူမ ခေါင်းငြိမ့်ပြလိုက်ပြီး ယန်ရန် ကိုပါ စားဖို့ခေါ်လိုက်တယ်။

'' ထန်ထန် ဒီမှာက အမျိုးသမီးတွေအတွက် အိပ်ဆောင်မရှိဘူး ပြီးတော့ ဟိုတယ်မှာအိပ်ရတာလဲမကြိုက်လို့ ဒီည ဒီမှာအိပ်လို့ရမလား...''

သူမတို့ ထမင်းစားပြီးတာနဲ ကုယန်ရန် က မေးလိုက်တယ်။

ဒီမှာက အမျိုးသားစစ်သားတွေပဲရှိတဲ့အတွက် အမျိုးသမီးတွေအတွက်အိပ်ဆောင်မရှိဘူး။ ဒီလို အကူအညီသေးသေးလေးလောက်ကိုတော့ ထန်ထန်က လုံးဝငြင်းမှာမဟုတ်ပေ။

'' ရတာပေါ့, ဧည့်သည့်အတွက် အခန်းအလွတ်ရှိတယ်, ကျွန်မ ရှင့်အတွက်ပြင်ပေးမယ်လေ''

ကုယန်ရန် က ဧည့်သည်အတွက်အခန်းနဲ့ မာစတာအိပ်ခန်း (Master bad

room) ကိုလှမ်းကြည့်လိုက်တယ်။ ထို့နောက် သူမ နှုတ်ခမ်းကိုစေ့လိုက်ပြီး နောက် ပြုံးလိုက်ကာ

''ဒါဆို ရှင့်ကိုပဲ အနှောက်အယှက်ပေးရတော့မှာပဲ''

------------------------

ညစာစားပြီးတဲ့နောက် ထန်ထန် က ကုယန်ရန်အတွက် အခန်းကို လိုအပ် တာတွေ ပြင်ဆင်ပေးလိုက်တယ်။ သူမအဆင်ပြေတာ သေချာအောင်လုပ် ပြီးတဲ့နောက် သူမတို့အခန်း ကို ပြန်သွားလိုက်တယ်။ သုံးယောက်စလုံး သန့်ရှင်းရေးလုပ်ပြီးတာနဲ့ ကျိယန် ခြေထောက်အတွက် ခါတိုင်းလိုပဲ ဘေ စင်ထဲကို ရေနွေးထည့်ပြီး ဆေးဘက်ဝင်အရွက်တွေကိုပါ ထည့်လိုက်တယ်။

ဆေးဘက်ဝင်အရွက်တွေ ထည့်ထားတဲ့ရေက အသေးလေးအတွက် မ သင့်တော်တဲ့အတွက် အသေးလေး စိတ်ကျေနပ်စေရန် အိပ်ယာမဝင်ခင် ခြေထောက်လေးတွေကို နှိပ်နယ်ပေးလိုက်တယ်။ တကယ်တော့ နှိပ်နယ် ပေးတယ်ဆိုတာထက် အသေးလေးနဲ့ အတူတူဆော့တယ်ဆိုတာက ပိုမှန် လိမ့်မယ်။

အသေးလေးနဲ့မတူပဲ သူ့အဖေကိုတော့ သူမ သေချာနှိပ်နယ်ပေးလိုက် တယ်။

ကျိယန် ခြေထောက်ကို နှိပ်နေရင်း အဖွား ကျိုး ရဲ့ မွေးနေ့အကြောင်းကို သူမဆက်ပြောလိုက်တယ်။

''ယောကျာ်း, အဖွားက ဘာတွေကို သဘောကျတတ်လဲ... သူမစိတ်ဝင်စား တဲ့ဟာ တစ်ခုခုလောက်ဝယ်သွားတာ သင့်တော်မယ်လို့ ကျွန်မထင်တယ်''

အဖွားကျိုး အကြောင်းကြားလိုက်တဲ့ ကျိယန် မျက်ဝန်းတွေထဲ လေးစားမှု နဲ့ ချစ်ခင်မှုတွေက ပြည့်နှက်လို့သွားတယ်။ သူက ပုံမှန်လိုပဲပြောလိုက်တယ်

" အဖွား ကျိုး က အရမ်းထူးချွန်ပြီး ညဏ်ရည်ထက်မြတ်တဲ့ အမျိုးသမီး တစ်ယောက်ပဲ, သူမက ကဗျာနဲ့ သမိုင်းမှာလဲ ကျွမ်းကျင်တယ် နောက်ပြီး စီးပွားရေးမှာလဲ အမြင်ရှိတယ်, သူမ တော်တဲ့နေရာတွေ အများကြီးပဲ ကျိုး ကျီ ရဲ့ လက်ရေးလှနဲ့ လဘက်ရည်ကြမ်းတည်ခင်းတာကလဲ သူမသင်ထား ပေးတာပဲ''

'' အဖွားကျိုး က ပျော့ညံ့ပြီးချမ်းသာတဲ့ လူမျိုးမဟုတ်ဘူး။ သူမက တကယ်ကို အမျိုးသမီးသူရဲကောင်းတစ်ယောက်ပဲ ကျိုး မိသားစု ကမောက်ကမနဲ့ အခက်အခဲဖြစ်နေချိန်တုန်းက အဖွားကျိုး က အများကြီး အထောက်အပံ့ဖြစ်ခဲ့တာ ကျိုး မိသားစု အခုလိုအခြေအနေအထိရောက်လာ အောင် အဘွားကပဲ ပံ့ပိုးခဲ့တာ''

ထန်ထန် နားထောင်ရင်းဆွံ့အသွားတယ်။ သူမတကိုယ်လုံး လေးစားမှု တွေနဲ့ ပြည့်နှက်လို့သွားတယ်။ ကျိုယန် ပြောသလိုဆိုရင် အဖွားကျိုး က အရမ်းကိုထူးချွန်ထက်မြတ်တဲ့ အမျိုးသမီးပဲ။ သူမ အနေနဲ့ မြင်းစီးပြီး သူမ နောက်ကနေလိုက်မယ်ဆိုရင်တောင် မီနိုင်မယ် မထင်မိဘူး။

'' ဒါဆို အဖွားကျိုး က လက်ရေးလှဖြစ်ဖြစ် လက်ဖက်ရည်ကြမ်းခွက်အစုံ ဖြစ်ဖြစ် သဘောကျလောက်မလား... အဲ့ထဲက တစ်ခုခုလောက် သူမကိုပေး ကြမလား''

ကျိုယန် ခေါင်းကိုယမ်းလိုက်ပြီး တုံ့ဆိုင်းစွာနဲ့ပြောလိုက်တယ်

" အဖွားကျိုး က အဲ့ဒါတွေသဘောကျမယ် မထင်ဘူး ,သူမဆီမှာ အဲ့လို set တွေ အများကြီးရှိပြီးသား အဲ့ဒါတွေထက်ကောင်းတာတွေ ရှာတွေ့ဖို့က လဲ မလွယ်တော့ဘူး, ပြီးတော့ တခြားသူတွေလဲ အဲ့လိုမျိုးတွေပဲ သူမကို လက်ဆောင်ပေးလောက်တယ်။ တကယ်လို့ ကိုယ်တို့လူငယ်တွေပေးတဲ့ အရာတွေက တူနေရင် ကိုယ်တို့က လက်ဆောင်အတွက် သေချာမစဉ်းစား

ပဲ အလွယ်တကူပေးတဲ့သဘော မသက်ရောက်သွားဘူးလား’’

ထန်ထန် လဲ တွေးလိုက်မိတယ်။ ပုံမှန်အားဖြင့် လူတွေက အသက်ကြီးတဲ့ လူတွေအတွက် သူတို့ဝါသနာပါတဲ့အရာတွေကိုပဲ လက်ဆောင်ပေးလေ့ရှိကြတယ်။ ပြီးတော့ လက်ဖက်ရည်အိုး နဲ့ လက်ရေးအလှတွေက ပုံမှန်ဆိုင်တွေမှာ အလွယ်တကူ ဝယ်လို့ရတဲ့အရာတွေမဟုတ်ဘူး။

ဒါဆို သူမတို့ ဘာလက်ဆောင်ပေးရင်ကောင်းမလဲ?

အခုအချိန်မှာတော့ ကျိုယန် လဲ ဒီကိစ္စအတွက် ခေါင်းကိုက်နေပြီဖြစ်တယ်။ အဘွား ကျိုး က သူ့ကို သူမရဲ့ မြေးအရင်းကဲ့သို့ ဆက်ဆံခဲ့တာဖြစ်တယ်။ သူ့အနေနဲ့လဲ ကြုံရာလက်ဆောင်မပေးချင်ပေ။ စျေးနှုန်းက ပြဿနာမဟုတ်ဘူး။ အဓိကက စိတ်ရင်းနဲ့ပေးတာကိုပဲဖြစ်တယ်။

ထန်ထန် က ရုတ်တရက်ပြောလိုက်တယ်

" ယောကျာ်း, လူကြီးတွေက ငွေကြေးကိုဂရုစိုက်ကြတာမဟုတ်ဘူး သူတို့က စိတ်ရင်းကိုပိုသဘောကျကြတာ’’

ကျိုယန် ပြုံးလိုက်မိတယ်။ သူတို့နှစ်ယောက်လုံးရဲ့ အတွေးတွေက ထပ်တူကျနေတာပဲ။

‘’ ယောကျာ်း, အဖွားကျိုးဆီမှာ ရှေးခေတ်ပုံစံ အကျီ, ဆံပင်ပုံစံ ဒါမှမဟုတ် လက်ဝတ်ရတနာတွေရှိလား…’’

အဖွားကျိုး လို လူမျိုးတွေက ရွှေ ငွေ စိန် တွေထက် တန်ဖိုးရှိတဲ့ ရှေးဟောင်းအရာဝတ္ထုတွေကို ပိုသဘောကျမယ်လို့ သူမတွေးမိတယ်။

ကျိုယန် ခဏလောက်ငြိမ်သက်သွားတယ်။ အဖွားကျိုး တစ်ယောက် ဘယ်လိုအဝတ် အစားပုံစံမျိုးတွေ သဘောကျလဲဆိုတာကို သေချာတွေးနေတယ်။ သူမက ရှေးခတ်အမျိုးသမီးတွေလို မကြာခဏ ဝတ်စားတတ်တာ

တာပဲ။ သူမက ပန်းထိုးဖိနပ်တွေ နဲ့ ရှေးစတိုင်အကျီတွေ(အောင်းချင်)၊ချီ ပေါင်အကျီတွေကို ဝတ်လေ့ရှိတယ်။ သူ့အနေနဲ့လဲ အဖွားကျိုး က လက်ရေးလှနဲ့ လက်ဖက်ရည်အိုးအစုံ တွေကို စုရတာအပြင့် ဒီလိုရှေးစတိုင် အဝတ်အစားတွေ သဘောကျတယ်ဆိုတာကို ကျိုးကျီပြောလို့ ကြားဖူးနေ တာဖြစ်တယ်။

ထန်ထန် အနေနဲ့ ချီပေါင် ကိုတခါမှမဝတ်ဖူးတဲ့အတွက် သူမ သေချာမသိ သော်လဲ ရှေးခတ်ဝတ်စုံ ကိုတော့ သူမ ငယ်စဉ်ကတည်းက ဝတ်ဆင်ခဲ့တာ ဖြစ်တဲ့အတွက် သေသေချာချာသိနှင့်နေပြီးဖြစ်တယ်။ ဒါပေမယ့်လဲ ကျိယန် ပြောတဲ့ ရှေးခေတ်ဝတ်စုံဆိုတာ သူမ သိထားတဲ့ဝတ်စုံနဲ့ ဆင်တူနေမလား ဆိုတာတော့ သူမ မသေချာဘူး။

ဒါကြောင့် သူမ ဖုန်းကိုယူလိုက်ပြီး အောင်းချင်ဝတ်စုံ ကို ရှာလိုက်ကာ ကျိ ယန် အားပြလိုက်တယ်

" ယောကျာ်း, အဖွားကျိုး က ဒီလိုပုံစံမျိုးကို ဝတ်ရတာ သဘောကျတာ လား…''

ခဏလောက်သေချာစိုက်ကြည့်ပြီးတဲ့နောက် ကျိယန် ခေါင်းငြိမ့်ပြလိုက် တယ်။ ဒီလိုဝတ်စုံမျိုးကို ဝတ်ဆင်ဖူးတာ သူမှတ်မိလေတယ်။

'' ဒါဆို ဘာလက်ဆောင်ပေးရမလဲဆိုတာ ကျွန်မ အခုသိသွားပြီ''

တစ်စုံတစ်ခုကို စိတ်ဝင်စားခဲတဲ့ ကျိယန် တစ်ယောက်သူမ စကားကြောင့် အံ့သြသွားတယ်။

ထန်ထန် က ပြုံးလိုက်ပြီး

'' အဖွားကျိုး က ရှေးခတ်ဝတ်စုံတွေ သဘောကျမှတော့ ကျွန်မတို့က သူ့ အတွက် တစ်စုံလောက် ချုပ်ပေးလိုက်မယ်လေ, ပြီးတော့ ပိုပြီးလိုက်ဖက်

သွားအောင် ပန်းထိုးဖိနပ်တစ်ရံကိုပါ ကျွန်မ လုပ်ပေးမယ်။ ဒီလိုမျိုးတွေက ကျွန်မ ကျွမ်းကျင်တဲ့အလုပ်တွေပဲဆိုတော့ ရှင်ဘယ်လိုထင်လဲ ယောကျာ်း…''

အကျီချုပ်စက်ထက်ပိုကောင်းအောင် ချုပ်လုပ်နိုင်တဲ့ သူမရဲ့အရည်အချင်းကို ကျိယန် ကောင်းကောင်းမှတ်မိတယ်။ အကြောင်းပြချက် အတည်တကျ မရှိပေမယ့် သူမ ကောင်းကောင်းလုပ်နိုင်တယ်ဆိုတာကို သူ့ မသိစိတ်မှ ယုံကြည်နေတယ်။

သူမအကြံက သူ့နှလုံးခုန်သံကို ပိုမြန်လာစေတယ်။

'' အဖွားကျိုးလဲ ကြိုက်မယ်လို့ ကိုယ်ထင်တယ်''

ကျိယန် ရဲ့ထောက်ခံမှုကို ရလိုက်တဲ့အတွက် သူမ အတော်ကိုပျော်ရွှင်သွားကာ သူ့ လက်ကိုဆွဲပြီး

'' ယောကျာ်း, ယောကျာ်း, ကျွန်မကို အဖွားကျိုးက ဘယ်လိုပုံလဲဆိုတာ ကျွန်မကို ပြပါဦး, သူမရဲ့ ပုံစံနဲ့လိုက်ဖက်အောင် ကျွန်မသီးသန့်လုပ်ပေးချင်လို့ ''

သူမရဲ့ ပျော်ရွှင်မှုတွေက ကျိယန် ကို ဖုံးလွှမ်းသွားပြီး သူ့နှုတ်ခမ်းထောင့်တွေ အပေါ်သို့မြင့်တက်သွားတယ်။ ထို့နောက် အဖွားကျိုး ရဲ့ ပုံကိုထုတ်ပြလိုက်တယ်။

တစ်ချက်ကြည့်ရုံနဲ့ အကျိုး က လှပပြီး ကျက်သရေရှိတဲ့ လူကြီးသူမ တစ်ယောက်မှန်း သိသာစေတယ်။ သူမ ငယ်ရွယ်စဉ်အချိန်အခါမှာဆိုရင် သူမအလှကိုယှဉ်ပြိုင်နိုင်တဲ့သူ မရှိမှန်း သေချာလွန်းတယ်။ ဒါပေမယ့် နှစ်တွေကြာလာတာနဲ့ အမျှ သူမ အလှဟာပျက်စီးလာမယ့်အစား ပိုကြည့်ကောင်းလာတယ်။

အဖွားကျိုး ကို ကြည့်ရင်း ထန်ထန် အရင်ဘဝက သူမရဲ့အထိန်းတော်ကို သတိရသွားတယ်။ လေးစားထိုက်တဲ့ သူတို့နှစ်ယောက်လုံးက သူမကိုတူညီတဲ့ ခံစားချက်ရစေတယ်။

သူမ အထိန်းတော်ကိုတွေးမိပြီး အဖွားကျိုးအတွက်ဘယ်လိုပုံစံ ချုပ်ပေးရမလဲဆိုတာကို အကြံညဏ်ရသွားတယ်။

သူမ လျင်မြန်စွာနဲ့ပဲ ကျိယန်ခြေထောက်ကိုနှိပ်ပေးလိုက်ပြီးနောက် ပဝါကို ကျိယန် ဆီပေးလိုက်ကာ အခန်းထဲမှ ပြေးထွက်သွာတော့တယ်

" ဒီညတော့ ကိုယ့်ဘာသာပဲ ရေခြောက်အောင်သုတ်လိုက်တော့, ကျွန်မ ပစ္စည်းတွေနဲ့ ကြိုးတွေဝယ်ရဦးမယ်’’

ကျိယန်အနေနဲ့ သူမကို ငယ်ရွယ်တဲ့မိန်းကလေးတစ်ယောက်လို အပြုအမူနဲ့မြင်ဖူးတာ ပထမဆုံးဖြစ်တယ်။ သူ ခေါင်းကိုယမ်းပြီး ပြုံးလိုက်မိတယ်။ ထို့နောက် သူ့ခြေထောက်ကို သုတ်လိုက်ပြီး ရေတွေကို ရေချိုးခန်းထဲမှ ဘေစင်ထဲသို့သွန်လိုက်တယ်။

ခြေထောက်အနှိပ်ခံဖို့စောင့်နေတဲ့ ကျိရှောင်ကျိုး သူ့မာမီက သူ့ဒက်ဒီကို နှိပ်ပေးပြီးတာနဲ့ သူ့အားတန်းမေ့သွားမယ်လို့ ဘယ်ထင်ပါ့မလဲ။ ဒါကြောင့် သူက ခြေထောက်လေးကို ထန်ထန် ရှိရာသို့ မြှောက်လိုက်ပြီး

‘’ ဒယ်ဒီ့ ကို နှိပ်ပေးပြီးပြီဆိုတော့ သားကိုရော မာမီ...’’

***